## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## (၂၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်**

**(၂၀၁၅ ခုနှစ်၊ မတ်လ ၁၁ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၅။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၅၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၀၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် ခွင့် ၁ ရက်၊

(၂) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၃ ရက်၊

(၃) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၁ ရက်၊

(၄) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၁ ရက်၊

(၅) တွန်းဇံမဲဆန္ဒနယ်မှ ဦးပောက်ခန့်မန် ခွင့် ၁ ရက်၊

**မူကြမ်း**

(၆) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိုဖုန်ဆားရ် ခွင့် ၁ ရက်၊

(၇) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၃ ရက်၊

(၈) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၃ ရက်၊

(၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၁၁) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက်၊

(၁၂) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်နှင့်

(၁၃) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၃ ရက်တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင် ဆောင်ရွက်ပါမယ်။

**ဥပဒေရုံး၊ တရားရုံးတို့တွင် ဥပဒေကို လက်တစ်လုံးခြားလုပ်မှုနှင့် အခွင့်အာဏာကို အလွဲသုံးစားလုပ်မှု ပပျောက်စေရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အမှုသည်အသွင်ယူ၍ စုံစမ်း ဖော်ထုတ်အရေးယူပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် အစည်းအဝေးသို့ကြွရောက်လာသူအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပျော်ဘွယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေး ခွန်းကိုမေးမြန်းရခြင်းမှာ ပြည်သူလူထုအနေဖြင့် ဥပဒေ၏အကာအကွယ်ကို မှန်ကန်တရားမျှတစွာရရှိ စေရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)ပါ Check and Balance သဘောအရ အပြန်အလှန်ထိန်းကျောင်းခြင်းဟူသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်သူများတောင့်တနေသော အဂတိတရားကင်းရှင်းသော တရားစီရင်ရေးစနစ် ဖြစ်ပေါ်လာစေရန် မေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေးကော်မတီဝင် တစ်ဦးဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ကော်မတီကို ရောက်ရှိလာတဲ့ တိုင်ကြားစာများစွာတွင် ဥပဒေရုံးများ၊ တရားရုံးများမှ လာဘ်ပေးလာဘ်ယူကျူးလွန်၍ ဆောင်ရွက်နေကြောင်း တင်ပြတိုင်တန်းချက်များ များစွာရှိနေပါတယ် ခင်ဗျား။ တိုင်ကြားစာများတွင် ကြည့်တဲ့အခါမှာ တရားစစ်ခွဲတဲ့အချိန်ကစပြီးတော့ စွပ်စွဲခံရတဲ့သူတွေကို အမှုပွဲစားတွေနဲ့ မမှန်သက်သေတည်ဆောက်ပြီးတော့ အာမခံမရနိုင်တဲ့ပုဒ်မများ တပ်ပြီးတော့ မြို့နယ် ဥပဒေရုံးများမှ လာဘ်ယူနိုင်တယ်လို့ယူဆနိုင်တဲ့ တိုင်ကြားချက်များ၊ အမှုသည်များအချင်းချင်း အပြန် အလှန်ကျေအေးရုပ်သိမ်းခြင်းများကို အထက်အဆင့် တိုင်းဥပဒေရုံးများအတွက်ဆိုကာ ငွေတောင်းမှု များရှိနေကြောင်း၊ ငွေမပေးကလည်း အမှန်တကယ်ရုပ်သိမ်းခွင့်မရဘဲ ပြစ်ဒဏ်ကျခံရခြင်းများ ရှိနေ

ကြောင်းများအပြင် အခြားသောလာဘ်ပေးလာဘ်ယူ တိုင်တန်းမှုများစွာရှိသော်လည်း ယနေ့ ပြည်သူများ၏တိုင်ကြားမှုအပေါ်မှာ မဆောင်ရွက်ပေးနိုင်သည်မှာ သက်သေမခိုင်လုံဟူသော အကြောင်းပြချက်ဖြစ်နေပါတယ်။ လာဘ်ပေးလာဘ်ယူပြစ်မှုကျူးလွန်သူများဟာ အများပြည်သူမြင်သာအောင်ကျူးလွန်ကြခြင်းမရှိပါ။ သက်သေပြပြီးတော့ တိုင်တန်းရန်အခက်အခဲရှိကြောင်း တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီး မကြာခဏမိန့်ကြားသလို ပြည်သူတွေကို ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ဥပဒေတွေကို ပယ်ဖျက်ပြီးတော့ ကျွန်တော်တို့လွှတ်တော်က ပြည်သူကိုကာကွယ်စောင့်ရှောက်သော၊ အကျိုးပြုသောဥပဒေများကို လွှတ်တော်ကြီးကနေပြီးတော့ ပြဋ္ဌာန်းပေးပါသော်လည်း ဥပဒေကိုလက်တစ်လုံးခြားပြု၍ လာဘ်ပေးလာဘ်ယူကျူးလွန်ကာ ဆောင်ရွက်နေသဖြင့် ပြည်သူအချို့ဟာ ဥပဒေရဲ့အကာအကွယ်မဲ့နေကြောင်း တွေ့ရှိနေရပါတယ်။

သို့ဖြစ်ပါ၍ ဥပဒေရုံး၊ တရားရုံးတို့တွင် ဥပဒေကိုလက်တစ်လုံးခြားလှည့်၍လည်းကောင်း၊ ပြည်သူပေးထားသော အခွင့်အာဏာကို အလွဲသုံးစားပြုလုပ်၍ ခြိမ်းခြောက်ငွေတောင်းမှုများ ပပျောက်စေရန် သက်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ဥပဒေရုံး၊ တရားရုံးများတွင် အမှုသည်အသွင်ယူ၍ စုံစမ်းဖော်ထုတ်ပေးပါရန်နှင့် ဖော်ထုတ်ပေးနိုင်ခြင်းရှိ/မရှိ၊ ထိုသို့စီစဉ်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြဝင်း(ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ပဏာမနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးမှမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ပြန်လည်ဖြေကြားရမယ်ဆိုလျှင်

ကျွန်တော်တို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဟာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၄၃ ပုဒ်မခွဲ(က)တို့အရ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့မှ တာဝန်ပေးအပ်လာလျှင်ဖြစ်စေ၊ ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၄၄ တို့အရ နစ်နာသူက တိုင်ကြားလာလျှင်ဖြစ်စေ စုံစမ်းစစ်ဆေးပြီး တရားရုံးသို့ တရားစွဲတင်နိုင်လောက်သည့် သက်သေခံအထောက်အထားရရှိပါက တရားစွဲတင်လျက်ရှိပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၈ မှာ ဤကော်မရှင်သည် စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအရဖြစ်စေ ရရှိသော အခြားခိုင်လုံသည့်သတင်းအချက်အလက်အရဖြစ်စေ အဂတိလိုက်စားမှုကျူးလွန်ကြောင်းတွေ့ရှိသည့်အခါ တရားစွဲတင်နိုင်ကြောင်း ပြဋ္ဌာန်းထားတဲ့အတွက် တရားစွဲတင်နိုင်ရေးအတွက် ခိုင်လုံသည့်သတင်းအချက်အလက်ရရှိရန် လိုအပ်မှာဖြစ်ပါတယ်။ ဒီလို ခိုင်လုံသည့်သတင်းအချက်အလက်ရရှိမှသာ စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကော်မရှင်အနေနဲ့ ယနေ့အထိ စုံစမ်းစစ်ဆေးတရားစွဲတင်ခဲ့တဲ့အမှုများမှာ လာဘ်ယူတဲ့ငွေကြေးကို သက်သေခံအဖြစ်သိမ်းဆည်းနိုင်တဲ့အမှုမှာ တစ်မှုသာရှိခဲ့ပါတယ်။ ကျန်အမှုများမှာတော့ လာဘ်ငွေအပေးအယူလုပ်စဉ်က အနီးမှာရှိနေတဲ့ မျက်မြင်သက်သေ၊ ပတ်ဝန်းကျင်မှ မြင်တွေ့ကြားသိသက်သေ၊ လာဘ်ပေးသူနှင့်လာဘ်ယူသူတို့ရဲ့အကြား အပေးအယူလုပ်ပေးသည့်သက်သေနှင့် စားသောက်ဆိုင်များမှာ ဧည့်ခံကျွေးမွေးသည်ကို မြင်တွေ့သည့်သက်သေများဖြင့်သာ တရားစွဲဆိုအရေးယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လာဘ်ပေးလာဘ်ယူမှုဆိုတာ မမြင်ကွယ်ရာမှာ ကျူးလွန်လေ့ရှိသောကြောင့် လက်ပူးလက်ကြပ်ဖမ်းမိရန်မှာ လွယ်ကူတဲ့ကိစ္စမဟုတ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါပေမယ့် ဖြစ်စဉ်မှန်ကန်မှုရှိရန်လိုအပ်ပြီးတော့ ယင်းဖြစ်စဉ်ကို မှန်ကန်ကြောင်းဖော်ထုတ်နိုင်တဲ့ အထောက်အထား၊ သက်သေတင်ပြနိုင်မှုရှိပါက စုံစမ်းစစ်ဆေးဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ ဥပဒေရုံး၊ တရားရုံးအသီးသီးမှာ အမှုသည်အသွင်ယူပြီးတော့ စောင့်ကြပ်ကြည့်ရှုပြီးတော့ စုံစမ်းဖော်ထုတ်အရေးယူနိုင်ရန်မှာ မလွယ်ကူသောကိစ္စဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ တိုင်ကြားသည့်ကိစ္စရပ်တစ်ခုချင်းအပေါ်သာမူတည်ပြီးတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းဖော်ထုတ်အရေးယူသွားနိုင်မှာဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ကိစ္စအပေါ်မှာ

ကျွန်တော်တို့ကော်မရှင်အနေနဲ့ ဆောင်ရွက်ပေးနိုင်တဲ့အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)။** ။ ထပ်ဆင့်မေးခွန်း သဘောရတဲ့ ကျွန်တော်တို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေနဲ့ ပြည်သူများကို အကာအကွယ်ပေးဖို့အတွက် ဘယ်လိုကာကွယ်ပေးနိုင်မလဲ။ စောစောကတင်ပြသွားသလိုပေါ့လေ။ အဂတိကျူးလွန်တယ်ဆိုတာက အများပြည်သူရဲ့ရှေ့မှာကျူးလွန်ခြင်းမရှိပါဘူး။ ဒါ့ကြောင့် အများပြည်သူရှေ့မှာ ကျူးလွန်ခြင်းမရှိတဲ့အတွက်ကြောင့် ယခုလိုအသွင်ယူဖို့အတွက် ကျွန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ ဒါကို ကော်မရှင်အနေနဲ့ ဥပဒေတစ်ရပ်ရေးဆွဲပြီးတော့ လွှတ်တော်ကိုတင်ပြမယ်ဆိုရင်လည်း ပိုပြီးအဆင်ပြေမယ်ထင်ပါတယ်။ ဒါကြောင့် ကော်မရှင်အနေနဲ့ နောက်ပိုင်းမှာ စဉ်းစားပေးဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ထပ်ဆင့်မေးခွန်းမဟုတ်ပါဘူး။ တိုက်တွန်းတာပဲဖြစ်ပါတယ်။

**ပြည်သူများမြေပုံ(၁၀၅/၁၀၆)ရေးဆွဲခွင့်နှင့် ဂရန်လျှောက်ထားခြင်းတွင် လွယ်ကူလျင်မြန်စွာရရှိစေရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရက မည်ကဲ့သို့ ကူညီပံ့ပိုးဆောင်ရွက်ပေးမည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒေါ်နန်းဝါနု၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)။** ။ မင်္ဂလာပါရှင့်။ ရှမ်းပြည်နယ်မှာ မြေပုံ(၁၀၅) ရေးဆွဲရာမှာ မြေပုံ(၁၀၅) ရေးဆွဲလိုသူရဲ့ အရောင်းအဝယ်စာချုပ်၊ အရပ်စာချုပ်၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယား၊ ရပ်ကွက်ထောက်ခံချက်၊ မြေကွက်အလျား၊ အနံ မြေပုံ စသည့် ငါးချက်တို့ဖြင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံးကို ဦးစွာလျှောက်ထားရပါတယ်။ အစိုးရမှ ခရိုင်ထွေ/အုပ်သို့ စစ်ဆေးခိုင်းပြီး ခရိုင်ထွေ/အုပ်မှတစ်ဆင့် မြို့နယ်ထွေ/အုပ်ရုံးကို စစ်ဆေးခိုင်းပါတယ်။ ထိုသို့ ပထမဦးစွာကွင်းဆင်းစစ်ဆေးရန်အတွက်ထွေ/အုပ်ဒုတိယဦးစီးမှူး၊ မြို့နယ်မြေစာရင်း၊ အခွန်စီမံကိန်း၊ စည်ပင်ရုံးတို့မှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ စုံလင်ပါမှ ကွင်းဆင်းစစ်ဆေးကြောင်း သိရှိရပါတယ်။ ထိုကဲ့သို့ ပထမဦးစွာ ကွင်းဆင်းစစ်ဆေးရန်အတွက် ယေဘုယျအားဖြင့် ၁၀ လခန့် ကြာမြင့်ကြောင်း ပြုလုပ်သူများထံမှ သိရှိခဲ့ရပါတယ်။ အထက်ပါရုံးဌာနများရဲ့ သဘောတူညီချက်ပြည့်စုံမှ မြို့နယ်အုပ်ချုပ်ရေး EC အစည်းအဝေးပြုလုပ်ပြီး အတည်ပြုချက်ရယူကာ ခရိုင်အုပ်ချုပ်ရေးမှူးထံ

တင်ပြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ မြို့နယ်မြေစာရင်းမှူး၊ စည်ပင်အလုပ်အမှုဆောင်၊ စီမံကိန်းဦးစီးမှူး၊ ပြည်တွင်းအခွန်ဦးစီးမှူးတို့ရဲ့ လက်မှတ်များဖြင့် တင်ပြရပါတယ်။ ပြည့်စုံမှန်ကန်ပါက မြန်မာ့စီးပွားရေးဘဏ်တွင် ရှမ်းပြည်နယ်အစိုးရရဲ့ ညွှန်ကြားစာဖြင့် ရှမ်းပြည်နယ်မြို့ပြစနစ်စီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရန်ပုံငွေ၏ စာရင်းသို့မြေရဲ့တန်ဖိုးဖြင့် အခွန်နှုန်းများစွာ ဆောင်ရပါတယ်။ အခွန်ဆောင်ပြီး ငွေစာရင်းပြေစာပြမှ ရှမ်းပြည်နယ်အစိုးရက မြေစာရင်းပုံစံ (၁၀၅/၁၀၆)ရေးကူးခွင့်ပြုကြောင်း မြေငှားဂရန်လျှောက်ထားခြင်းအား ခြောက်လအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရန်၊ မဆောင်ရွက်ပါက မြေပုံစံ (၁၀၅/၁၀၆) အားပယ်ဖျက်ရန် စာပြန်လာပါသည်။ ထိုသို့ ပြုလုပ်ခြင်းမှာ ပြည်သူများ များစွာအခက်အခဲကြုံတွေ့နေရကြောင်း တင်ပြလာကြပါတယ်။ အထူးသဖြင့် ပြည်နယ်ရုံးစိုက်ရာဒေသနှင့် ဝေးကွာသောမြို့နယ်များတွင် ပိုမို၍အခက်အခဲရှိပါသည်။

သို့ဖြစ်ပါသောကြောင့် မေးမြန်းလိုသည်မှာ အဆိုပါရှမ်းပြည်နယ်အစိုးရ၏ မြေစာရင်းပုံစံ (၁၀၅/၁၀၆)ရေးကူးရေးလုပ်ထုံးလုပ်နည်းများသည် မြေစာရင်းလက်စွဲဥပဒေ၊ ၎င်းတို့နှင့် သက်ဆိုင်ရာဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိ/မရှိ၊ အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များ တွင် မြေစာရင်းပုံစံ(၁၀၅/၁၀၆)ရေးကူးရာတွင် ရှမ်းပြည်နယ်နှင့်တူညီသော လုပ်ထုံးလုပ်နည်းများဖြင့် ပြုလုပ်ပါသလား။ ပြည်ထောင်စုအစိုးရက ထိုကဲ့သို့ ဆောင်ရွက်ရန် ညွှန်ကြားချက်ထုတ်ပြန်ထားပါသလား။ ထုတ်ပြန်ထားသည်ဟုဆိုပါက မြေစာရင်းလက်စွဲဥပဒေ၊ ၎င်းတို့နဲ့ သက်ဆိုင်ရာဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိ/မရှိသိလိုပါသည်။ မထုတ်ပြန်ထားဘူးဆိုပါက ပြည်ထောင်စုအစိုးရက မည်ကဲ့သို့ပံ့ပိုးကူညီဖြေရှင်းဆောင်ရွက်ပေးမည်နည်း။ ပြည်သူများမြေပုံ(၁၀၅/၁၀၆) ရေးဆွဲခွင့်နှင့် ဂရန်လျှောက်ထားခြင်းတွင် လွယ်ကူလျင်မြန်စွာရရှိစေရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရက မည်ကဲ့သို့ ကူညီပံ့ပိုးဆောင်ရွက်ပေးမည်နည်း။ မဆောင်ရွက်ပေးနိုင်ဟုဆိုပါက အဘယ်ကြောင့်နည်း။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။

**မူကြမ်း**

ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ဖြေကြားချက်နဲ့အတူ ပူးပေါင်းပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ကျွန်တော်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြေစာရင်းပုံစံ(၁၀၅/၁၀၆)ဆိုတာဟာ မြေရာဇဝင်၊ မြေတည်ရှိမှု၊ မြေအမျိုးအစားနှင့် ဘိုးဘွားပိုင်မြေ၊ အစိုးရမြေစသည့် ပိုင်ဆိုင်ခွင့်အခြေအနေတို့ကိုဖော်ပြတဲ့ မှန်ကန်ကြောင်း သက်သေခံ သို့မဟုတ် သက်သေမခံတဲ့ တည်ဆဲနှစ်အတွက် အသုံးပြုလျက်ရှိတဲ့ မြေပုံမှရေးကူးပေးတဲ့ စာရင်း မြေပုံကောက်နုတ်ချက်မိတ္တူတစ်ခုသာဖြစ်ပြီး မြေပိုင်ဆိုင်မှုဆိုင်ရာ အထောက်အထားတစ်ခုမဟုတ်ပါ။ မြေစာရင်းပုံစံ(၁၀၅/၁၀၆) ရေးကူးပေးရန် လျှောက်ထားခြင်းနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံမြေစာရင်း လက်စွဲဥပဒေအပိုဒ် ၃၈၉ အရ လျှောက်ထားသောအခါ မြေစာရင်းပုံစံ(၁၀၃)၊ မြေစာရင်းမှတ်ပုံစာရင်း အမှတ်(၈) လျှောက်လွှာပုံစံနှင့် လျှောက်ထားပြီး၊ မြေစာရင်းလက်စွဲဥပဒေအပိုဒ် ၃၉၁ အရ လျှောက်လွှာများကို ရေးသွင်းစိစစ်ခြင်း၊ မြေစာရင်းလက်စွဲဥပဒေအပိုဒ် ၃၉၂ အရ မိတ္တူရေးကူးခငွေ ပေးသွင်းစေခြင်း၊ ဥပဒေအပိုဒ် ၃၉၃ အရ မိတ္တူကောက်နုတ်ချက်ကို လျှောက်ထားသူအားပေးခြင်း၊ ဥပဒေအပိုဒ် ၃၉၄ အရ မြေစာရင်းပုံစံ(၁၀၅) ဖြင့်ရေးကူးပေးခြင်း၊ ဥပဒေအပိုဒ် ၃၉၇ အရ မှန်ကန် ကြောင်း လက်မှတ်ရေးထိုးပေးခြင်း၊ ဥပဒေအပိုဒ် ၃၉၈ အရ ရုံးခွန်တံဆိပ်ခေါင်းကပ်ခြင်း၊ ဥပဒေအပိုဒ် ၃၉၉ အရ မြေစာရင်းပုံစံ(၁၀၆) ဦးပိုင်တစ်ခုရဲ့ ရာဇဝင်အား ရေးကူးပေးခြင်းတို့ကို ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနကနေပြီးတော့ ၃-၃-၁၉၉၄ ရက်စွဲပါအမြဲအမိန့်အမှတ်(၁/၉၄) ပါ ညွှန်ကြားချက် များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပြဋ္ဌာန်းပြီးတဲ့နောက် လယ်ယာမြေကို အခြားနည်းအသုံးပြုရန် လျှောက်ထားတဲ့ကိစ္စရပ်အတွက် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်ကို သက်ဆိုင်ရာနေပြည်တော် ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ စိစစ်ကြီးကြပ်ခွင့်ပြုချက်ဖြင့် ရေးကူးခွင့်ပြုရန် ဗဟို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၁၁-၂-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၂/လယ-၅၁(၀၀၄/၂၀၁၃)နဲ့ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များသို့ အကြောင်းကြား ထားပြီး ဖြစ်ပါတယ်။

လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုရန် မြေပုံရေးကူးခွင့်လျှောက်ထားရာမှာ ဦးပိုင်လုပ်ကွက်မြေပုံ မြေစာရင်းပုံစံ(၁၀၅) တွင် ဦးပိုင်လုပ်ကွက်တစ်ခုအတွက် ရုံးခွန်တံဆိပ်ခေါင်းခွန် ကျပ်သုံးရာကျပ် ကပ်နှိပ်ခြင်းမှအပ မြေတိုင်းတာခြင်းနှင့် မြေပုံရေးကူးခြင်းတို့အတွက် မည်သည့်အခကြေးငွေကိုမျှ ရယူခြင်းမပြုရန်နှင့် သက်သေခံမြေပုံရေးကူးထုတ်ပေးခြင်းကို လျှောက်ထားသည့်နေ့မှစ၍ တစ်လ အတွင်း ပြီးပြတ်အောင်ဆောင်ရွက်သွားရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနကနေပြီးတော့ ၁၈-၃-၂၀၁၃ ရက်စွဲပါစာအမှတ် ၂၅၆၈/မပ (မြေပုံ) ထွေ(၁၃)ဖြင့် နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် မြေစာရင်းဦးစီးဌာနမှူးများအားလုံးကို အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအဖြစ် သတ်မှတ်ထားတဲ့ ဇုန်နယ်မြေများအတွင်း ဆက်စပ်ပတ်သက်နေတဲ့ ဆောင်ရွက်ရမယ့်လုပ်ငန်းများလျှောက်ထားရန်အတွက် အသုံးပြုရန် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခြင်းအား သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ညှိနှိုင်းခွင့်ပြုချက်ကို ရယူပြီး၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ကြိုတင်ညှိနှိုင်းလျှောက်ထားရန် လိုအပ်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါ(က)အရ ရှမ်းပြည်နယ်အစိုးရရဲ့ မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရေးကူးရေးလုပ်ထုံးလုပ်နည်းများသည် မြေစာရင်းလက်စွဲဥပဒေ၊ ၎င်းနှင့် သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၆-၅-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၆/၃-၆၀၆/အစရ(ရှမ်း)ဖြင့် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်မပြုရန် ညွှန်ကြားထားရှိပြီး၊ ရှမ်းပြည်နယ်အစိုးရ၏ခွင့်ပြုချက်ရရှိပါက မြေစာရင်းပုံစံ (၁၀၅) ရေးကူးခြင်းအား အထက်အပိုဒ်များတွင် ဖော်ပြထားရှိသည့် မြေစာရင်းလက်စွဲဥပဒေပါအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် ပြည်နယ်အစိုးရမှ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်နေခြင်းမှာ အောက်ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၆ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း တင်ပြလာပါတယ်။

ပုဒ်မ-၂၅၆ မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများနှင့် ယင်းတို့၏ လက်အောက်အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊

ကြီးကြပ်စစ်ဆေးခြင်းပြုရမည်။ (ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဥပဒေနှင့်အညီကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ စီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း ပြုနိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်(ခ)ပါအခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရေးကူးရာမှာ ရှမ်းပြည်နယ်နှင့်တူညီတဲ့ လုပ်ထုံးလုပ်နည်းများဖြင့် ပြုလုပ်မှုရှိ/မရှိမေးခွန်းနှင့် မေးမြန်းချက်(ဂ)ပါ ပြည်ထောင်စုအစိုးရက ထိုကဲ့သို့ဆောင်ရွက်ရန် ညွှန်ကြားချက်ထုတ်ပြန်ထားပါသလား။ ထုတ်ပြန်ထားသည်ဟုဆိုပါက မြေစာရင်းလက်စွဲဥပဒေ၊ ၎င်းနှင့်သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ကိုက်ညီမှုရှိ/မရှိ၊ မထုတ်ပြန်ထားဘူးဆိုပါက ပြည်ထောင်စုအစိုးရက မည်ကဲ့သို့ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်နည်းဟူသည့် မေးခွန်းနှင့်စပ်လျဉ်း၍ အခြားသောတိုင်းဒေသကြီး/ပြည်နယ်အချို့တွင်လည်း မြေစာရင်းပုံစံ(၁၀၅) ဖြင့်မြေပြင်မှာ တရားမဝင်ရောင်းချခြင်း၊ ပေါင်နှံခြင်းများ မပြုလုပ်နိုင်ရေးအတွက် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခြင်းအား တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တင်ပြစေ၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပြီး၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနဲ့ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန်ကိစ္စအတွက်သာလျှင် ညွှန်ကြားထားပြီး ကျန်ကိစ္စရပ်များအတွက် ညွှန်ကြားမှုမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်(ဃ)ပါပြည်သူများ မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရေးဆွဲခွင့်နှင့် ဂရန်လျှောက်ထားမှုများ လွယ်ကူလျင်မြန်စွာရရှိစေရေးအတွက် ပြည်ထောင်စုအစိုးရနှင့်ပြည်နယ်အစိုးရတို့မှ မည်ကဲ့သို့ ကူညီပံ့ပိုးဆောင်ရွက်ပေးမည်နည်းမေးခွန်းနှင့် မေးမြန်းချက်(င)ပါ မဆောင်ရွက်ပေးနိုင်ဟုဆိုပါက အဘယ်ကြောင့်နည်း မေးခွန်းနှင့်စပ်လျဉ်း၍ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနလက်အောက်ရှိ မြို့နယ်မြေစာရင်းရုံးအားလုံးတွင် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်အချက်များအား အများပြည်သူသိရှိနိုင်စေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် Vinyl များဖြင့် ဖော်ပြထားရှိပြီး အထောက်အထားပြည့်စုံသည့် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့် လျှောက်ထားခြင်းများအပေါ် တစ်လအတွင်း ရေးကူးဆောင်ရွက်ပေးရန် ညွှန်ကြားထားပြီးဖြစ်သဖြင့် ပြဋ္ဌာန်းထားရှိပြီးဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမြဲအမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ လုပ်ငန်း

ဆောင်ရွက်ရန် အချိန်ကြန့်ကြာခြင်းများကို အခက်အခဲများရှိနိုင်မည် မဟုတ်ပါကြောင်းနှင့် ညွှန်ကြားချက်နှင့်အညီ မဆောင်ရွက်ပါက ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင့်။ ဒုတိယဝန်ကြီး အားတော့နာပါတယ်။ နောက်ဆက်တွဲမေးခွန်းလေးနည်းနည်းမေးခွင့်ပြုပါရှင့်။ ခုနက ဝန်ကြီးပြောသွားတဲ့ မြေစာရင်းလုပ်ထုံးလုပ်နည်းအရ လုပ်ပါတယ်။ နောက်ပြီးလို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၅၆ တိုင်းဒေသကြီး/ပြည်နယ်အစိုးရသည်ဆိုတဲ့ ကိစ္စမှာပုဒ်မခွဲ(က)နဲ့ (ခ) မှာကျတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများနှင့် ယင်းတို့၏ လက်အောက်အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ဖြစ်စေရန်လည်းကောင်း စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းလို့ ဖြစ်ပါတယ်။ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များလို့လည်းပြောပါတယ်။ ဒီတည်ဆဲဥပဒေက ခုနတုန်းက ဒုတိယဝန်ကြီးဖတ်သွားတဲ့ ၃၉၈၊ ၃၉၄ အဲ့ဒီမှာ ၃၉၃၊ ၃၉၄၊ ၃၉၅ ဒီတွေထဲမှာကျတော့ ဘာတွေရေးထားသလဲဆိုတော့ မြေတိုင်းစာရေးတွေက စာရင်းမြေပုံရေးကူးခကိုလည်း ယူနိုင်တယ်။ တစ်ကယ့်စာရင်းမြေပုံကိုအမိကလုပ်ရမှာက မြေတိုင်းစာရေးဖြစ်နေပါတယ်။ နောက်ပြီးလို့ရှိရင် ၃၉၄ အရဆိုရင်မြေပုံများရေးကူးရာတွင် မြေစာရင်းပုံစံ(၁၀၅) ဖြင့်ရေးကူးပေးရမည်။ သို့မဟုတ် အဆိုပါပုံစံတွင်မြေပုံရေးကူးရန်နေရာမလုံလောက်ပါက ဖယောင်းအဝတ်စက္ကူဖြင့်ရေးဆွဲပေးနိုင်သည်။ နောက်ပြီး ၃၉၅ ဆိုတာ ဒုတိယဝန်ကြီးပြောသွားတဲ့အကုန်လုံးကကျတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရကို အာဏာလွှဲထားပေးတာ တစ်ခုမှမရှိပါဘူး။ နောက်ပြီးလို့ရှိရင် နိုင်ငံတော်သမ္မတရုံးကလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရကိုမြေယာလုပ်ပိုင်ခွင့်နဲ့ပတ်သက်ပြီးတော့၊ နောက်ပြီးမြေစာရင်းရေးဆွဲခွင့်နဲ့ပတ်သက်ပြီးတော့ အမိန့်ကြော်ငြာစာတွေထုတ်ထားတာလည်း ကျွန်မတို့မတွေ့ရပါဘူး။ ဥပဒေနဲ့ပြဋ္ဌာန်းပြီးတော့ အာဏာခွဲဝေပေးထားတာလည်း မတွေ့ရပါဘူး။ အဲ့ဒီအတွက်ကြောင့် နောက်ဆက်တွဲ မေးခွန်းအနေနဲ့ ကျွန်မမေးချင်တာက တိုင်းဒေသကြီးနဲ့ပြည်နယ် အစိုးရကိစ္စဖြစ်၍ သမ္မတရုံးမှဖြေဆိုရန် တာဝန်ရှိတယ်လို့ ကျွန်မကမှတ်ယူပါတယ်။ ပထမမေးခွန်း အနေနဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရထံ တိုက်ရိုက်ညွှန်ကြားမှုပြုနိုင်လား/မပြုနိုင်လားဆိုတဲ့မေးခွန်း။ နောက်ဆက်တွဲမေးခွန်းအနေနဲ့ ပထမတစ်ချက်ကို မေးချင်ပါတယ်။ ဒုတိယအချက်အနေနဲ့ သမ္မတရုံးကထိုကဲ့သို့ အာဏာခွဲဝေပေးစေလိုတယ်ဆိုလို့ရှိရင်

ဥပဒေအဖြစ် ပြဋ္ဌာန်း၍ တရားဝင်ခွဲဝေပေးရမှာ ဖြစ်ပါတယ်။ ထိုကဲ့သို့ပြုလုပ်ခြင်းရှိ/မရှိ။ နောက်ပြီးလို့ ရှိရင် အခုဒီမှာပြဋ္ဌာန်းထားတဲ့ မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေ။ ဒီဥပဒေကို ကျော်လွန်ပြီးတော့ လုပ်ထားပါတယ်။ ယခု ဒီတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေရဲ့ ဒီဥပဒေတွေကို ကျော်လွန်ပြီးတော့ လုပ်ထားတဲ့ လုပ်ထုံးလုပ်နည်းကို နိုင်ငံတော်သမ္မတက ဘယ်လိုဖြေရှင်းပေးမှာလဲဆိုတာကို ကျွန်မက သိချင်ပါတယ်ရှင့်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကို လုပ်ငန်းသဘောအရ ဆက်သွယ်ဆောင်ရွက် တဲ့အခါမှာ တိုက်ရိုက်ညွှန်ကြားဆောင်ရွက်ပိုင်ခွင့် ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ ထုတ်ပြန်ပေးထားတာ မရှိပါဘူးခင်ဗျား။ ကျွန်တော်တို့ လုပ်ငန်းသဘောအရ ဆက်သွယ်ဆောင်ရွက် မယ်ဆိုရင် သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့ကနေတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရ များကို ဆက်သွယ်ဆောင်ရွက်ရတာဖြစ်ပါတယ်ခင်ဗျား။ ဒါကလည်း ကျွန်တော်တို့ ဘာကြောင့်လဲ ဆိုရင် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ဟာ အစိုးရတစ်ခုဖြစ်ပြီးတော့ သူ့ရဲ့နယ်မြေမှာ သူ့ လွှတ်တော်အဖွဲ့အစည်းနဲ့ရှိတဲ့အတွက် ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးတွေက တိုက်ရိုက်ဆက်သွယ် လို့ရှိရင် လုပ်ငန်းတွေအတွက် ကျွန်တော်တို့ အခက်အခဲတွေဖြစ်လာနိုင်တယ်ဆိုပြီးတော့ နိုင်ငံတော် အစိုးရအဖွဲ့ကနေပြီးတော့ ဆက်သွယ်ဆောင်ရွက်ရတဲ့ လုပ်ငန်းတွေပေါ်မှာ ဒီလိုညွှန်ကြားချက်တွေ ကျွန်တော်တို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်နှင့် ပတ်သက် ပြီးတော့ အမိန့် (၁/၉၄) အပါအဝင် လယ်ယာမြေဥပဒေအရ အခြားနည်းအသုံးပြုတဲ့ ညွှန်ကြားထုတ် ပြန်တဲ့အမိန့်အကြောင်းအရင်းကတော့ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ အမိကစားသုံးသီးနှံစိုက်ပျိုးမှု မထိခိုက်စေရန်၊ လယ်မြေများလျော့နည်းမှုမရှိစေရန်၊ လယ်ယာစိုက်ပျိုးမြေများ အကြောင်းကြောင်း ကြောင့် အခြားနည်းအသုံးပြုမှု နည်းနိုင်သမျှနည်းစေရန်နဲ့ မလွဲမရှောင်သာအသုံးပြုလို့ရှိရင်လည်းပဲ ကိန်းဂဏန်းအရ မှတ်တမ်းထားရှိနိုင်ရန် ရည်ရွယ်ပြီးတော့ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနကနေပြီး အခြားနည်းအသုံးပြုခွင့်တွေကို ဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားကြတဲ့အခါမှာ နိုင်ငံတော်သမ္မတကြီး၏လမ်းညွှန်ချက်နှင့်အညီ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများနှင့်ညီညွတ်စွာဖြင့် လယ်ယာမြေကို အခြားနည်းအသုံးပြုရန် လျှောက်ထားနိုင်ဖို့

အတွက် လျှောက်ထားတဲ့ဦးပိုင်၊ လုပ်ကွက်၊ မြေပုံ၊ မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်ကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဖြစ်တဲ့အတွက် သက်ဆိုင်ရာအစိုးရများက မြေပြင်ပကတိလက်တွေ့ကွင်းဆင်းကြည့်ရှုစစ်ဆေးနိုင်တာဖြစ်တဲ့အတွက် စိစစ်ကြီးကြပ်ခွင့်ပြုချက်ကို ရေးကူးခွင့်ပေးရန် မြေတိုင်းတာခနှင့် မြေပုံရေးကူးခွင့်၊ ကောက်ခံပေးသွင်းခွင့်မပြုစေဘဲ အခမဲ့ ရေးကူးပေးရန်ဆိုပြီးတော့ ကျွန်တော်တို့ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအနေနဲ့ မြေလွတ်၊ မြေလပ် စီမံခန့်ခွဲမှုဗဟိုကော်မတီအနေနဲ့ ကျွန်တော်တို့ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရ အဖွဲ့ကြီး များကို ညွှန်ကြားတာဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာပုံစံ(၁၀၅) ရေးကူးခွင့်တွေမှာ တချို့တိုင်း တွေက သူ့ရဲ့ အခြေခံဥပဒေပုဒ်မ ၂၅၆ အရ ကြီးကြပ်ကွပ်ကဲတယ်ဆိုပြီးတော့ သက်ဆိုင်ရာမြေစာရင်း ပုံစံ(၁၀၅) ရေးကူးခွင့်ကို ထိန်းကျောင်းပြီးတော့၊ ကြပ်မတ်ပြီးတော့၊ စီမံခန့်ခွဲနေကြတာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံအတွင်းရှိ ရေသေချာသောဒေသအသီးသီးတွင် စက်မှုလယ်ယာစနစ် လယ်ကွင်းများ ဖော်ထုတ်ပေးရန်နှင့် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခြင်းအတွက် ကုန်ကျစရိတ်အား နှစ်ရှည်ချေးငွေ များထုတ်ပေးပြီး အရစ်ကျပေးသွင်းစေသည့် နည်းလမ်းဖြင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဝမ်းတွင်းမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လက်ရှိအခြေအနေအရ နေပြည်တော်မှာအခြေပြုပြီးတော့ စက်မှုလယ်ယာစနစ် လယ်ကွက် များဖော်ထုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေပါတယ်။ အဲဒီအတွက် တောင်သူလယ်သမား များသီးနှံအထွက်နှုန်းများအထူးကောင်းမွန်ပြီး အချိန်မီရိတ်သိမ်းနိုင်ခြင်း၊ ပိုးမွှားရောဂါ အချိန်မီ ကာကွယ်နှိမ်နင်းနိုင်ခြင်း၊ ရေသွင်းရေထုတ်ကောင်းမွန်ခြင်း၊ ကုန်ထုတ်လမ်းများဖောက်လုပ်နိုင်ပြီးတော့ အချိန်မရွေးသွားလာဆောင်ရွက်နိုင်ခြင်းတို့ကြောင့် တောင်သူလယ်သမားများနဲ့ နိုင်ငံတော်ရဲ့သီးနှံ ထုတ်လုပ်မှုစွမ်းအားများ မြင့်မားလာတာကို တွေ့ရှိရတဲ့အတွက် ကျေးဇူးတင်ဝမ်းမြောက်မိပါတယ်။ စက်မှုလယ်ယာစနစ် လယ်ကွက်များ ဖော်ထုတ်စိုက်ပျိုးခြင်းနှင့်စက်ကိရိယာများ စွမ်းအားပြည့် အသုံး ပြုနိုင်ခြင်း၊ ရေကိုလိုသလို သွင်းထုတ်ပြုလုပ်ထိန်းသိမ်းနိုင်ခြင်း၊ သီးနှံအထွက်နှုန်းများကို တိုးတက်စေ နိုင်ခြင်း၊ အရည်သွေးကောင်းသီးနှံများ ရရှိနိုင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်နိုင်မှုစရိတ်လျော့ကျစေနိုင်ခြင်း၊

သီးထပ်တိုးချဲ့စိုက်ပျိုးနိုင်၍ တောင်သူများဝင်ငွေတိုးစေခြင်းများ ရရှိနေတဲ့အကျိုးကျေးဇူးများရရှိကြောင်းလေ့လာသိရှိရပါတယ်။ ဒါပေမယ့်လို့ ဆင်းရဲသားတောင်သူလယ်သမားများအတွက် အရင်းအနှီးလုံလောက်မှုမရှိခြင်း၊ စက်မှုလယ်ယာစနစ်များဖော်ထုတ်ရာမှာ တစ်ဧကလျှင် ကျပ်တစ်သိန်းခြောက်သောင်းခန့်ကုန်ကျမှာဖြစ်တဲ့အတွက် တစ်နိုင်တစ်ပိုင်တောင်သူလယ်သမားများ လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် အရင်းအနှီးငွေကြေးနဲ့ လုပ်ငန်းများဆောင်ရွက်ရန် အခက်အခဲများတွေ့ကြုံနေကြရပါတယ်။ အဲဒါကြောင့် စက်မှုလယ်ယာစနစ်လယ်ကွက်များ နိုင်ငံအနှံ့ဆောင်ရွက်နိုင်မှုအခြေအနေဟာ အားနည်းနေတဲ့အနေအထား တွေ့ရှိနေရပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ ရေသေချာတဲ့ဒေသအသီးသီးမှာ စက်မှုလယ်ယာစနစ်လယ်ကွက်များ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်မယ့်အစီအစဉ်ရှိ/မရှိနဲ့ လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက် ဆောင်ရွက်နိုင်ရန် နှစ်ရှည်ချေးငွေများရရှိအောင် ကူညီဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြုလျက် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာ စနစ်တကျစက်မှုလယ်ယာလုပ်ကွက်များ ဖော်ထုတ်စိုက်ပျိုးစေခြင်းဖြင့် စက်ကိရိယာများ စွမ်းအားပြည့် အသုံးပြုနိုင်ခြင်း၊ ရေကိုလိုသလို အသွင်းအထုတ်ပြုလုပ် ထိန်းသိမ်းနိုင်ခြင်း၊ သီးနှံအထွက်နှုန်းကို တိုးတက်စေခြင်း၊ အလေအလွင့်နည်းပါးခြင်း၊ စိုက်ပျိုးထုတ်ကုန်အရည်အသွေးတိုးတက်မြင့်မား၍ ဈေးကောင်းရရှိခြင်း၊ သီးထပ်စိုက်စွမ်းအား မြင့်မားခြင်းတို့ဖြင့် တောင်သူများဝင်ငွေတိုးတက်စေမှာ ဖြစ်ပါတယ်။

အစိုးရသစ်ကာလမတိုင်မီအထိ ၁၉၉၅-၁၉၉၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ ၁၅ နှစ်ကျော်ကာလအတွင်း စနစ်ကျစက်မှုလယ်ယာမြေကွက်များ ဖော်ထုတ်ပေးနိုင်မှုမှာ ၂၄၆၃၂ ဧကသာရှိခဲ့ပြီး အစိုးရသစ်ကာလဖြစ်တဲ့ ၂၀၁၁- ၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅

ဘဏ္ဍာရေးနှစ်ကုန်ထိ နိုင်ငံတော်အစိုးရရန်ပုံငွေဖြင့် ဧက ၃၂၄၀၅၊ နိုင်ငံတကာ အထောက်အပံ့ဖြစ်တဲ့ ဂျပန်နိုင်ငံ JIID, JICA အစီအစဉ်ဖြင့်၊ ကိုရီးယားနိုင်ငံ KOICA အစီအစဉ်တို့နဲ့ ၇၁၁ ဧကနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများရဲ့အစီအစဉ်ဖြင့် ၁၂၆၀ ဧကအပါအဝင် စနစ်ကျစက်မှု လယ်ယာမြေကွက်များ စုစုပေါင်း ၃၄၃၇၆ ဧက ဖော်ထုတ်ပြီးဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်အစိုးရရန်ပုံငွေဖြင့် ၄၅၀၀ ဧက၊ အိန္ဒိယချေးငွေ အစီအစဉ်ဖြင့် ၃၀၄၀၀ ဧက၊ နိုင်ငံတကာအဖွဲ့အစည်းဖြစ်တဲ့ IFAD ချေးငွေ အစီအစဉ်ဖြင့် ၄၀၀၀ ဧက စုစုပေါင်း ၃၈၉၀၀ ဧကအား ဖော်ထုတ်သွားရန် လျာထားပြီးဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ အိန္ဒိယနိုင်ငံချေးငွေဖြင့် ၂၀၄၀၀ ဧက၊ IFAD ချေးငွေဖြင့် ၄၀၀၀ ဧကနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ IFAD ချေးငွေဖြင့် ၂၀၀၀ ဧက အသီးသီးဖော်ထုတ်ဆောင်ရွက်ရန် လျာထားလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ လက်ရှိအခြေအနေအရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူများသို့ စိုက်ပျိုးစရိတ်နှစ်ချင်းဆပ်ချေးငွေမှလွဲ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ စနစ်ကျစက်မှုလယ်ယာမြေကွက်များ ဖော်ထုတ်ခြင်းလုပ်ငန်းအတွက် လိုအပ်တဲ့ကုန်ကျစရိတ်များအား နှစ်ရှည်ချေးငွေများ ထုတ်ပေးပြီး အရစ်ကျပေးသွင်းစေသည့်အစီအစဉ်အား လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးဆုံးပါပြီ။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဥပဒေကြမ်းတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရေးဆွဲထားတဲ့ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းကို တင်သွင်းမှာဖြစ်ပါတယ်။ ဒီဥပဒေကို ရေးဆွဲရခြင်း

အကြောင်းကတော့ ဥပဒေနှင့်အညီထိမ်းမြားလက်ထပ်ကြတဲ့ လင်နှင့်မယားတို့ဟာ တစ်ဦးအပေါ်မှာ တစ်ဦး သစ္စာရှိစွာနှင့် သာယာချမ်းမြေ့တဲ့အိမ်ထောင်ရေး တည်ဆောက်နိုင်စေရန်လည်းကောင်း၊ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဖြင့် အမျိုးသမီးများ မယားပြိုင်များအဖြစ်ရောက်ရှိခြင်းမှ ကာကွယ်ရန်နှင့် အမျိုးသားများက မယားအများယူခြင်းဖြင့် ဖြစ်ပွားနိုင်တဲ့အိမ်ထောင်ရေးမှုခင်းများကို တားဆီးနိုင်ရန်အလို့ငှာလည်းကောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဤဥပဒေကို ရေးဆွဲခဲ့ခြင်းဖြစ်ပါသဖြင့် ပြည်ထောင်စုလွှတ်တော်က ဤဥပဒေကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစတီဖန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြမှာဖြစ်ပါတယ်ခင်ဗျား။

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ပေးပို့လာသော တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာပါသည်။

**မူကြမ်း**

၂။ အမျိုးဘာသာသာသနာစောင့်ရှောက်ရေး(ဗဟို)အဖွဲ့က အမျိုးဘာသာသာသနာကို ကာကွယ် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဥပဒေ(၄)ရပ်ကို ပြဋ္ဌာန်းပေးရန် တိုက်တွန်းခဲ့သဖြင့် ယင်း ဥပဒေများအနက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံခန့်ခွဲမှုနှင့်ဆက်စပ်သက်ဆိုင်မှုရှိသော အောက်ဖော်ပြပါ ဥပဒေကြမ်းများကို တင်သွင်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အကြောင်း ကြားခဲ့သည်ကို လေ့လာတွေ့ရှိရပါသည် -

(က) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း၊

(ခ) တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်း။

၃။ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းကို ပြဋ္ဌာန်းခြင်းအားဖြင့် သာယာ သောမိသားစုဘဝကို တည်ဆောက်နိုင်ကြစေရန်ရည်ရွယ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၆-၁-၂၀၁၅ ရက်နေ့၊ ၁၂-၁-၂၀၁၅ ရက်နေ့၊ ၁၃-၁-၂၀၁၅ ရက်နေ့နှင့် ၄-၂-၂၀၁၅ ရက်နေ့များတွင် ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ အားကစား၊ ယဉ်ကျေး မှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

(က) ယင်းဥပဒေတွင် အခန်းပေါင်း(၅)ခန်းနှင့် ပုဒ်မပေါင်း(၁၈)ခုပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးရှိ ၂၀၁၄ ခုနှစ် စကားရပ်ကို ၂၀၁၅ ခုနှစ်ဟု ပြင်ဆင်ပါသည်။

(ဂ) နိဒါန်းကို ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင် ပါသည်။

**မူကြမ်း**

(ဃ) အခန်း(၁)၊ အပိုဒ် ၃ အပိုဒ်ခွဲ(က)ကို နိုင်ငံသားဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသားအဖြစ် ဖော်ပြထားသည့် မြန်မာနိုင်ငံသားကိုဆိုသည်။ ယင်းစကားရပ်တွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူလည်း ပါဝင်သည်ဟု ပြင်ဆင်ပါသည်။

( င) အခန်း(၂)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

အခန်း(၂)

ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဥပဒေနှင့်အညီထိမ်းမြားကြသော လင်နှင့်မယားတို့ တစ်ဦးအပေါ် တစ်ဦးသစ္စာရှိစွာဖြင့် သာယာချမ်းမြေ့သည့် အိမ်ထောင်တည်ဆောက်နိုင်စေရန်၊

( ခ) တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဖြင့် အမျိုးသမီးများ မယားပြိုင်အဖြစ် ရောက်ရှိခြင်းမှကာကွယ်ရန်နှင့် အမျိုးသားများက မယားတစ်ဦးထက်ပို၍ယူခြင်းကြောင့် ဖြစ်ပွားနိုင်သည့် အိမ်ထောင်ရေးပြဿနာနှင့် အိမ်ထောင်ရေးမှုခင်းများကို တားဆီးနိုင်ရန်

( စ) အခန်း(၂)၊ အပိုဒ် ၅ ကို အခန်း(၃)၊ အပိုဒ် ၆ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ တစ်လင်တစ်မယားစနစ်ဖြင့် ထိမ်းမြားခြင်းသာလျှင် စကားရပ်ကို တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းသာလျှင်ဟု ပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၆၊ အပိုဒ် ၈၊ အပိုဒ် ၁၀၊ အပိုဒ် ၁၇ နှင့် အခန်း(၄)ခေါင်းစဉ်တို့ကို ပယ်ဖျက်ပါသည်။

( ဇ) အခန်း(၃) အပိုဒ် ၉ ကို အခန်း(၄)၊ အပိုဒ် ၈ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ လင်နှင့်မယားတစ်ယောက် သို့မဟုတ် တစ်ယောက်ထက်ပို၍ တရားဝင်ထိမ်းမြားပြီးသည့်ယောကျာ်း သို့မဟုတ် မိန်းမသည် အဆိုပါထိမ်းမြားမှု တည်မြဲနေစဉ်ကာလအတွင်း

ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ အခြားသူတစ်ဦးနှင့် ထပ်မံထိမ်းမြားခြင်းမပြုရ ဟုပြင်ဆင်ပါသည်။

(ဈ) အပိုဒ် ၁၁ ကို အပိုဒ် ၉ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ ထိမ်းမြားခဲ့ဘူးလျှင် စကားရပ်ကို ထိမ်းမြားခဲ့ဖူးလျှင်ဟုလည်းကောင်း၊ ထိမ်းမြားခဲ့ဘူးကြောင်း စကားရပ်ကို ထိမ်းမြားခဲ့ဖူးကြောင်းဟု အသီးသီးပြင်ဆင်ပါသည်။

( ည) အခန်း(၅)ခေါင်းစဉ်အဖြစ် တားမြစ်ချက်နှင့် ပြစ်ဒဏ်ဟု အသစ်ဖြည့်စွက်ပါသည်။

( ဋ) အခန်း(၄)၊ အပိုဒ် ၁၂ ကို အခန်း(၅)၊ အပိုဒ် ၁၀ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို မည်သူမျှ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် ထပ်မံ၍ ထိမ်းမြားမှုမပြုရဟု ပြင်ဆင်ပါသည်။

( ဌ) အပိုဒ် ၁၃ ကို အပိုဒ် ၁၂ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ မည်သို့ပင်ဆန့်ကျင်နေစေကာမူ ထိမ်းမြားမှု အတည်ဖြစ်နေစဉ် လင် သို့မဟုတ် မယားသည် အခြားသူနှင့် ထပ်မံ၍ထိမ်းမြားလျှင် ဤဥပဒေအရ အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်ခြင်းဖြစ်၍ ကျန်သည့်မယား သို့မဟုတ် လင်က လင်မယားကွာရှင်းခွင့်ရှိသည်ဟု ပြင်ဆင်ပါသည်။

(ဍ) အပိုဒ် ၁၄ ကို အပိုဒ် ၁၃ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ ပုဒ်မ ၁၃ စကားရပ်ကို ပုဒ်မ ၁၂ ဟု ပြင်ဆင်ပါသည်။

(ဎ) အပိုဒ် ၁၅ ကို အပိုဒ် ၁၄ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသောယောကျ်ားတစ်ဦးသည် အဆိုပါ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် အခြားမိန်းမတစ်ဦးနှင့် ထပ်မံထိမ်းမြားပါက ထိမ်းမြားခြင်း အတည်မဖြစ်သဖြင့် ထိုယောကျ်ားနှင့် အတူနေထိုင်ပေါင်းသင်းသည့် နောက်မိန်းမသည် ထိုယောကျ်ားသေဆုံးသွားလျှင် အမွေကို ဆက်ခံခွင့်မရှိစေရ။ နောက်မိန်းမနှင့် အတူနေထိုင် ပေါင်းသင်းသည့် ယောကျ်ားသည်လည်း နောက်မိန်းမသေဆုံးသွားလျှင် ပထမနှင့် နောက်မိန်းမတို့၏ အမွေကို ဆက်ခံခွင့်မရှိစေရဟု ပြင်ဆင်ပါသည်။

**မှုကြမ်း**

(ဏ) အပိုဒ် ၁၆ ကို အပိုဒ် ၁၁ အဖြစ်ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို မည်သူမဆို ပုဒ်မ ၈ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြင်ဆင်ပါသည်။

( တ) အပိုဒ် ၁၅ အဖြစ် မည်သူမဆို ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာရေး အရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသော ယောကျ်ား သို့မဟုတ် မိန်းမ တစ်ဦးသည် အဆိုပါထိမ်းမြားမှုအတည်ဖြစ်နေစဉ် ယင်းထိမ်းမြားမှုကို ထိန်ချန်၍ အခြား ယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးကို ထပ်မံထိမ်းမြားပါက ၁၀ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု အသစ်ဖြည့်စွက်ပါသည်။

( ထ) အခန်း(၆)၊ အပိုဒ် ၁၆ အဖြစ် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာရေး အရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသော ယောကျ်ား သို့မဟုတ် မိန်းမ တစ်ဦးသည် အဆိုပါ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် ယင်းထိမ်းမြားမှုကို ထိန်ချန်၍ အခြားယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးကို ထပ်မံထိမ်းမြားပါက နစ်နာသူသည် တရားမကြောင်းအရ တရားစွဲဆိုပိုင်ခွင့်ရှိသည်ဟု အသစ်ဖြည့်စွက်ပါသည်။

၅။ သို့ဖြစ်ပါ၍ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရစိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်း ကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျ ဖော်ပြ၍ ၁၈-၃-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ (၂၅)ရက်မြောက်နေ့ ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးသို့ မန္တလေးတက္ကသိုလ် စီးပွားရေးပညာဌာနမှ MBA Fourth Bath သင်တန်းမှ ဒုတိယပါမောက္ခချုပ် ဒေါက်တာသီတာဝင်းခေါင်းဆောင်တဲ့ ကြီးကြပ်သူဆရာဆရာမများနှင့် သင်တန်းသားသင်တန်းသူ ၈၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ဦးစိန်မင်းခေါင်းဆောင်တဲ့ လေ့လာသူ ၁၄၇ ဦး စုစုပေါင်း ၂၃၆ ဦး လာရောက်လေ့လာပါတယ်။ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ ယနေ့လာရောက်လေ့လာသူစုစုပေါင်းမှာ ၄၃၃၉၉၉ ယောက်ရှိကြောင်း လွှတ်တော်ကို တင်ပြလိုပါတယ်။ ဒီလိုတင်ပြခြင်းဟာ ကျွန်တော်တို့လွှတ်တော်ရဲ့ လုပ်ငန်းဆောင်တာများကို အခုလိုလာရောက်လေ့လာခြင်းအားဖြင့် လွှတ်တော်ဆိုတာဘာလဲ။ လွှတ်တော်ရဲ့လုပ်ငန်းတာဝန်တွေဟာဘာလဲ။ လွှတ်တော်ဘယ်လိုဆောင်ရွက်နေတာလဲဆိုတာကို သိရှိခြင်းအားဖြင့် ကျွန်တော်တို့လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်များ ပိုမိုလေးနက်စွာဆောင်ရွက်ဖို့လိုကြောင်း လွှတ်တော်ကို အသိပေးတင်ပြခြင်းဖြစ်ပါတယ်။ အခုလိုလာရောက်လေ့လာပေးကြတဲ့ ခေါင်းဆောင်များနဲ့ သက်ဆိုင်သူများကိုလည်း လွှတ်တော်အနေနဲ့ အသိအမှတ်ပြုကြောင်း ဒီနေရာကနေ တင်ပြလိုပါတယ်။

**မူကြမ်း**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၆)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ (ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၁း၀၀။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**